# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 16 , 2023 Volume 62, Number 10


၁၆.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၈၉၄ US$ |
| မြန်မာ့ရွှေဈေး | = ၂၈၃၀၀၀၀ |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၇.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၉.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၇၀.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၆၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၁၂.၆၅ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၁၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၉.၇၈ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၈၄.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၇၀၄ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## Voice of the South Summit သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကားပြောကြား



https://www.commerce.gov.mm

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် အိန္ဒိယသမ္မတနိုင်ငံမှ Virtual စနစ်ဖြင့် ကျင်းပပြုလုပ်ခဲ့သည့် Voice of the South Summit ၏ စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် ဆွေးနွေးပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

အမှာစကားပြောကြားရာတွင် မြန်မာနှင့်အိန္ဒိယနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံဆက်ဆံရေးကောင်းမွန်ပြီး အရေးပါသည့် စီးပွားရေးမိတ်ဖက်နိုင်ငံများလည်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်သွယ်ဘက်နိုင်ငံ (၁၇၀) နိုင်ငံတွင် အိန္ဒိယနိုင်ငံသည် စတုတ္ထကုန်သွယ်မှုအများဆုံးနိုင်ငံဖြစ်ကြောင်း၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုမြင့်တက်စေရေးပူးပေါင်း ဆောင်ရွက်သွားရန်အတွက် ဒေသတွင်းရှိ အခြားမိတ်ဖက်နိုင်ငံများအားလည်း တိုက်တွန်းပြောကြားလိုပါကြောင်း၊ ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ရန်နှင့် ပိုမိုအားကောင်းစေရန်အပြင် စီးပွားရေးအလားအလာကောင်းများရှာဖွေရန်၊ ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်စေရန်နှင့် ခရီးသွားလုပ်ငန်းများ ကောင်းမွန်စေရေး တိုက်တွန်းဆောင်ရွက်သွားရန်တို့နှင့်ပတ်သက်၍ အမြင်များအားဖလှယ်ရေး၊ စားနပ်ရိက္ခာဖူလုံရေးအတွက် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ၊ ထုတ်လုပ်မှု၊ နည်းပညာ၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့တောင်ဖက်ပိုင်းရှိ နိုင်ငံများအားလုံးနှင့် နှစ်နိုင်ငံ၊ နိုင်ငံစုံနှင့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာပူးပေါင်း ချိတ်ဆက်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ (၁၂) ရက်မှ (၁၃) ရက်နေ့အထိ (၂) ရက်ကြာ ကျင်းပခဲ့သည့် အဆိုပါအခမ်းအနားသို့ နိုင်ငံပေါင်း ( ၂၅ )နိုင်ငံမှ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ဝန်ကြီးများနှင့် ဒုတိယဝန်ကြီးများလည်း အသီးသီးတက်ရောက် အမှာစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E1%8

## ထိုင်းဝယ်လက်တွေ ကွင်းဆင်းဝယ်ယူမှုကြောင့် ကော်ဖီဈေးသုံးဆတက်လာ


မကွေးဂျာနယ်

မြန်မာ့ကော်ဖီကို ထိုင်းနိုင်ငံကဝယ်လိုအားရှိနေတဲ့အတွက် ထိုင်းကုန်သည်တွေ ကွင်းဆင်းဝယ်ယူမှုကြောင့် ပြည်တွင်းကော်ဖီဈေးကွက်မှာ မနှစ်ကထက် ဈေးနှုန်း သုံးဆလောက် တက်သွားကြောင်းသိရသည်။

"မနှစ်က ကော်ဖီရာသီမှာ ကော်ဖီစေ့တစ်ပိဿာကို ကျပ် ၈၀၀ သာရှိတာပါ။ အခုနှစ်မှာတော့ တစ်ပိဿာ ကျပ် ၂,၅၀၀ ဝန်းကျင်အထိ ဈေးရနေပါတယ်။ ကုန်ကြမ်းအနေနဲ့ အဝယ်များလာတာပါ" ဟု ကော်ဖီစိုက်ခြံရှင်တစ်ဦးကပြောသည်။

ပြည်တွင်းမှာ ကော်ဖီစိုက်ဧက နှစ်သိန်းကျော် အကောင်အထည်ဖော်စိုက်ပျိုးခဲ့သော်လည်း ဧက ၅၀,၀၀၀ ကျော်သာ အောင်မြင်ဖြစ်ထွန်းပြီး နှစ်စဉ်ကော်ဖီစေ့တန်ချိန် ၈,၀၀၀ မှ ၉,၀၀၀ ကြား ထွက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံကကော်ဖီတွေကို ပြည်ပက ကုန်ကြမ်းအဖြစ်ဝယ်ယူပြီးပြည်တွင်းမှာသောက်သုံးမှုများသည့် ကော်ဖီမှုန့် Instant ကော်ဖီတွေကို တရုတ်နှင့်ဗီယက်နမ်နိုင်ငံတွေက တင်သွင်းခြင်းဖြစ်သည်။

မြန်မာနိုင်ငံမှာ ကော်ဖီကို မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်နဲ့ ရှမ်းပြည်နယ်မှာ အများဆုံးစိုက်ပျိုးပြီး မကွေး၊ ရေဝတီ၊ တနင်္သာရီတိုင်းဒေသကြီးတွေနဲ့ ချင်းပြည်နယ်၊ ကရင်ပြည်နယ်တွေမှာလည်း အနည်းငယ်စိုက်ပျိုးကြကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## တရုတ်နယ်စပ်ဂိတ်အားလုံး ဖွင့်လှစ်လိုက်ခြင်းနှင့်အတူ နှစ်သစ်ကူးအကြို ဖရဲ၊ သခွားများ ဈေးကောင်းရ

မြန်မာ-တရုတ်နယ်စပ်ဂိတ်များကို တရုတ်နိုင်ငံဗဟိုအစိုးရ၏ ညွှန်ကြားချက်ဖြင့် ဇန်နဝါရီ ၈ ရက်မှ စတင် ဖွင့်လှစ်လိုက်ခြင်းနှင့်အတူ တရုတ်နှစ်သစ်ကူးအကြိုကာလတွင် အရည်အသွေးကောင်း ဖရဲသခွားများ ဈေးကောင်းရနေကြောင်း ဖရဲသခွား ကုန်သည်များထံမှ သိရသည်။

ဇန်နဝါရီ ၂၂ ရက်သည် တရုတ်နှစ်သစ်ကူးပွဲတော်ရက်ဖြစ်၍ ယင်းကာလမတိုင်မီ ဝယ်လိုအားကောင်းနေသကဲ့သို့ ပုံမှန်အရဆိုလျှင်လည်း ၎င်းတို့ဘက်မှ လိုအပ်ချက်ရှိနေခြင်းကြောင့် အရည်အသွေးကောင်းလျှင် ဈေးကောင်းရခြင်းဖြစ်သည်ဟုဆိုသည်။ "တရုတ်ဘက်က ဖြေလျှော့မှုတွေနဲ့အတူ လူအဝင်၊ အထွက်တွေလည်း ဖွင့်ပေးမယ်ဆိုတာ သိပြီး ကုန်တင်ကားတွေလည်း တိုက်ရိုက်ဝင်လို့ရပြီလို့သိရတယ်။ မြန်မာဘက်ကတော့ မဖွင့်သေးဘူး။ ပြီးခဲ့တဲ့ ရက်တွေမှာတုန်းက အရည်အသွေးမီတဲ့ အသီးတွေ အသီးနုတွေကို တင်ပို့ကြတော့ ဈေးကွက်ပျက်ခဲ့တယ်။ ခုကာလက တရုတ်နှစ်သစ်ကူးကြောင့် ဈေးကောင်းရတာပါ"ဟု ဖရဲသခွားတင်ပို့သူတစ်ဦးက ပြောသည်။

တရုတ်ဈေးကွက်တွင် တစ် ကီလိုဈေးနှုန်းများ အရည်အသွေး ကောင်းပါက ၈၅၅ ဖရဲနှင့် အစေ့မဲ့ဖရဲသီးမှာ ၄ ဒသမ ၈ ယွမ်၊ ထိုင်ဝမ်ဖရဲသီးမှာ ၄ ဒသမ ၅ ယွမ်နှင့် အစေ့မဲ့ဖရဲသီးမှာ အမြင့်ဈေးရရှိနေပြီး ကားအစီးပြတ်ဆိုလျှင် ယွမ် ၆၀၀၀၀ မှ ၆၅၀၀၀ ထိရရှိနေကြောင်း၊ သခွားမွှေးမှာ ၆ ဒသမ ၅ ယွမ်ထိရရှိကြောင်း၊ ဒီဇင်ဘာလ ဈေးကွက်ထက် တစ်ကီလိုလျှင် ၁ ယွမ်မှ ၂ ယွမ်ဝန်းကျင် ဈေးမြင့်လာခဲ့ကြောင်း သိရသည်။

"တရုတ်နယ်စပ်ဖရဲဈေးကွက်ကို ဖျက်တာတွေရှိတယ်။ ကိုယ်တိုင်တောင် စားလို့မရတဲ့ ဖရဲသီးကို ဘယ်သူက ဈေးကြီးပေးဝယ်စားမလဲ။ ခိုင်မာတဲ့ဈေးကွက်ရနေချိန်မှာ အရည်အသွေးမကောင်းတာတွေ၊ အနုသီးတွေကို အလောတကြီး တင်ပို့ကြတော့ ဈေးကွက်ပျက်တယ်။ အရည်အသွေးမကောင်းရင် မတင်ပို့ကြပါနဲ့။ လမ်းကြောင်းကုန်ကျစရိတ်က ကြီးတယ်" ဟု ခွာညိုသစ်သီးပွဲရုံကပြောသည်။

တရုတ်နှစ်သစ်ကူးဖြစ်သည့် ဇန်နဝါရီ ၂၂ ရက်တွင် သစ်သီးပွဲရုံများမှ အရောင်းပိတ်ထားမည်ဖြစ်သော်လည်း တရုတ်နိုင်ငံမှ ကိုဗစ်ဖြေလျှော့မှုများနှင့်ကျန်းမာရေးဆိုင်ရာအစီအမံများ ပိုမိုတည်ငြိမ်လာသည်နှင့်အမျှ နှစ်နိုင်ငံကုန်သွယ်မှု တိုးမြင့်လာခြင်းဖြင့် သစ်သီးဝလံထုတ်လုပ်တင်ပို့သူများ အဆင်ပြေကာ ခိုင်မာသောဈေးကွက်တည်ဆောက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ဇန်နဝါရီ ၁၂ ရက်၊ တရုတ်ဈေးကွက်တွင် ၈၅၅ ဖရဲသီးမှာ ၄ ဒသမ ၅ ယွမ်၊ ထိုင်ဝမ် ဖရဲသီးမှာ ၄ ဒသမ ၆ယွမ်၊ ရွှေသခွားသီးမှာ ၅ ဒသမ ၇ ယွမ် ပေါက်ဈေးရှိပြီး တရုတ်ဈေးကွက်သို့ တင်ပို့သည့်စရိတ်မှာ ကားခအပါအဝင် ဝန်ဆောင်ခ အမျိုးမျိုးပေါင်းလျှင် ကျပ်သိန်း ၁၀၀ ခန့်ကုန်ကျမှုရှိကာ အသားတင်ငွေကျပ် သိန်း ၂၀၀ ကျော် ကျန်ရှိကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ပြည်ပသို့ ရော်ဘာတန်ချိန် နှစ်သိန်းခွဲကျော်တင်ပို့ထားရာ တရုတ်နိုင်ငံသို့ အများဆုံးဖြစ်




၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် လက်ရှိအချိန်ထိ ပြည်ပကို ရော်ဘာတင်ပို့မှုတန်ချိန် နှစ်သိန်းခွဲကျော်တင်ပို့ထားပြီး တရုတ်နိုင်ငံကို အများဆုံးတင်ပို့ထားရတယ်လို့ ရော်ဘာ စိုက်ပျိုးထုတ်လုပ်သူတွေထံက သိရပါတယ်။

ရော်ဘာတင်ပို့မှုတွင် တရုတ်နိုင်ငံအပြင် တောင်ကိုရီးယား၊ အိန္ဒိယ၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူနဲ့ဂျပန်နိုင်ငံတွေကိုလည်း တင်ပို့ထားရတယ်လို့ဆိုပါတယ်။

ယခုဘဏ္ဍာနှစ်ကုန်အထိ ပြည်ပနိုင်ငံများသို့ ရော်ဘာတန်ချိန် ၃ သိန်း တင်ပို့ဖို့ ရည်ရွယ်ထားတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှာ ရော်ဘာကို မွန်ပြည်နယ်နဲ့ တနင်္သာရီတိုင်းတို့မှာ အများဆုံးစိုက်ပျိုးပြီး စိုက်ဧကပေါင်း တစ်သန်းကျော်ရှိကာ ရော်ဘာတန်ချိန် လေးသိန်းနီးပါးလောက် ထုတ်လုပ်နိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ ရော်ဘာပြည်ပတင်ပို့ရာတွင် နယ်စပ်လမ်းကြောင်းကရော ပင်လယ်ရေကြောင်းကပါ တင်ပို့နေတာလို့ သိရပါတယ်။

**ဤဆောင်းပါးကို Opinion Leaders မှကူးယူဖော်ပြပါသည်။**

**Source: [http:/htwettoe.com/](http:/htwettoe.com/)**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန်သုံးသောင်း တိုက်ရိုက်တင်ပို့မှုမှ နောက်ဆုံးသင်္ဘော ပုသိမ်ဆိပ်ကမ်းမှထွက်ခွာ

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ နှစ်နိုင်ငံ G to G သဘောတူညီမှုအရ မြန်မာ နိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ဆန်တန်ချိန် နှစ်သိန်းတင်ပို့ရာတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်စက်မှုမြို့တော်ဆိပ်ကမ်းမှ ဆန်တန်ချိန် သုံးသောင်း ကို ဖေဖော်ဝါရီ ၂ ရက်မှစတင်၍ တိုက်ရိုက်တင်ပို့ခဲ့ရာ ဇန်နဝါရီ ၁၃ ရက်တွင် ပို့ကုန်ဆန်တန်ချိန် သုံးသောင်း၏ နောက်ဆုံး သင်္ဘောဖြစ်သော MCL-7 သင်္ဘော ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပုသိမ်မြို့မှ ဆန်တန်ချိန် သုံးသောင်း တိုက်ရိုက်တင်ပို့မှုသည် ဆန်စပါးထွက်ရှိရာဒေသမှ ပြည်ပနိုင်ငံသို့ တိုက်ရိုက် တင်ပို့နိုင်ခဲ့ခြင်းဖြစ်သောကြောင့် ကုမ္ပဏီများအနေဖြင့် ရန်ကုန်ဆိပ်ကမ်းမှ တစ်ဆင့် တင်ပို့ရသော ကုန်ကျစရိတ်သက်သာစေခဲ့ပြီး ဒေသခံဆန်စက်လုပ်ငန်းရှင်များ စီးပွားရေးအခွင့်အလမ်းများ ပွင့်လန်းခဲ့ကာ ဒေသခံ များလည်း အလုပ်အကိုင် အခွင့်အလမ်းများရရှိခဲ့သည်။

"ပုသိမ်ဆိပ်ကမ်းကနေ တင်ပို့ရမယ့် ဆန်တန်ချိန် သုံးသောင်းအတွက် မနေ့ကနောက်ဆုံးသင်္ဘောထွက်သွား ပါပြီ။ နောက်ထပ် G to G စာချုပ်ချုပ်ဆိုဖို့အစီအစဉ်ရှိမှ ဆက်ပြီးပို့မယ်လို့ သိထားပါတယ်။ အခုလို တိုက်ရိုက် တင်ပို့နိုင်ခဲ့တဲ့ အတွက် လုပ်ငန်းရှင်တွေအကျိုးအမြတ်ရရှိသလို နိုင်ငံတော်အတွက်လည်း အခွန်အခတွေရရှိခဲ့တယ်။ ဆက်ပြီး တင်ပို့ နိုင်လေ စိုက်ပျိုးတောင်သူတွေအတွက်လည်း အကျိုးပိုရှိလေပါပဲ"ဟု ဧရာဝတီတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာန မှ ဒုတိယညွှန်ကြားရေးမှူး ဦးထွန်းထွန်းကပြောသည်။

နှစ်နိုင်ငံချုပ်ဆိုထားသော စာချုပ်အရ ဘင်္ဂလားဒေ့ရှ်သို့တင်ပို့ရမည့် ဆန်တန်ချိန်နှစ်သိန်းတွင် ပုသိမ်စက်မှုမြို့တော် ဆိပ်ကမ်းမှ ဆန်တန်ချိန်သုံးသောင်းကိုလည်းကောင်း၊ ကျန်သောဆန်တန်ချိန်များကို ဆူးလေဆိပ်ကမ်း၊ သီလဝါ ဆိပ်ကမ်း၊ ရွှေပြည်သာဆိပ်ကမ်းနှင့် စစ်တွေဆိပ်ကမ်းတို့မှလည်းကောင်း သတ်မှတ်ဆန်တန်ချိန်များကို တင်ပို့ခဲ့သည်။ ယမန်နေ့က ပုသိမ်ဆိပ်ကမ်းမှ MCL-7 သင်္ဘောနည်းတူ စစ်တွေဆိပ်ကမ်းမှ MCL-11 ဆန်တင်သင်္ဘောများ ထွက်ခွာ သွားကြပြီး ယနေ့တွင် ဆူးလေဆိပ်ကမ်း၌ ပြည်ပပို့ကုန် ဆန်တန်ချိန်နှစ်သိန်း၏ နောက်ဆုံးဆန်တင်သင်္ဘောဖြစ်သော ATN

Glory နိုင်ငံခြားသင်္ဘောဖြင့် ဆန်တန်ချိန် ၂၁၀၀၀ ကို တင်ဆောင်လျက်ရှိရာ ရက်အနည်းငယ်အတွင်း ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှသိရသည်။

အဆိုပါ MoU အရ မြန်မာနိုင်ငံ Mya-nmar Rice Federation -MRF နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ Directorate General of Food တို့မှညှိ့မထ ၅ ရာခိုင်နှုန်း တန်းမြင့်ဆန်တန်ချိန် နှစ်သိန်းတင်ပို့ရန် အရောင်းစာချုပ်(Sales Contract)ကို ချုပ်ဆိုခဲ့ပြီး တင်ပို့မှုကိုဆောင်ရွက်ခဲ့ရာ ဆူးလေဆိပ်ကမ်းတွင် ပို့ကုန်ဆန်များ တင်ဆောင်နေသော ATN Glory နိုင်ငံခြားသင်္ဘောထွက်ခွာပြီးပါက မြန်မာနိုင်ငံမှတင်ပို့နေသော ဆန်တန်ချိန်နှစ်သိန်း တင်ပို့မှုပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နှစ်နိုင်ငံအစိုးရအကြား ဆန်စပါးကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ (Memor-andum of Understanding-MoU) ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၂၂ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ နှစ်စဉ်ဆန်ဖြူတန်ချိန် ၂၅၀၀၀၀ နှင့် ပေါင်းဆန်တန်ချိန် ၅၀၀၀၀ ကို တင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/35437

## မျှင်ငါးပိဈေးနှုန်းများ ကောင်းမွန်လာသဖြင့် ထုတ်လုပ်ရောင်းချသူများ အဆင်ပြေ



https://www.myawady.net.mm/node/35500

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ပတ်ဝန်းကျင်ကျေးရွာများတွင် နှစ်စဉ်ပွင့်လင်းရာသီချိန် ငါးပိပြုလုပ်ရန် ကုန်ကြမ်းဖြစ်သော မျှင်ကောင်ငယ်များ ဖမ်းဆီးရမိတတ်သဖြင့် မျှင်ငါးပိပြုလုပ် ရောင်းချသူများရှိရာ ယခုရက်ပိုင်းအတွင်း မျှင်ငါးပိများ ဈေးကောင်းရရှိနေသောကြောင့် လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"မျှင်ငါးပိက လက်သစ်နဲ့လက်ဟောင်းနှစ်မျိုးရှိပြီး ငါးပိလက်ဟောင်းကပိုအရသာရှိကာ ဈေးလည်းကောင်းပါတယ်။ ယခုကတော့ မျှင်ငါးပိအသစ်တွေပေါ်နေတဲ့အတွက် ယခင်နှစ်ကကျန်တဲ့ လက်ဟောင်းငါးပိတွေကို ထုတ်ရောင်းနေကြတဲ့အတွက် ဈေးကောင်းရရှိနေတာဖြစ်ပါတယ်" ဟု ငါးပိထုတ်လုပ်ရောင်းချသူ ကိုမောင်ငယ်ကပြောသည်။

ဟိုင်းကြီးကျွန်းဒေသထွက် မျှင်ငါးပိများအား ပုသိမ်နှင့်ရန်ကုန်ဈေးကွက်တို့မှ မှာယူမှုများလာခြင်းကြောင့် ဈေးကောင်းရရှိနေခြင်းဖြစ်ပြီး လွန်ခဲ့သည့် ဒီဇင်ဘာလအတွင်း မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ သာ ရောင်းချခဲ့ရသော်လည်း ယခုနှစ် နှစ်ဦးပိုင်းမှစ၍ မျှင်ငါးပိတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀၀ အထိ ဈေးကောင်းရရှိလာခြင်းဖြစ်သည်။ မျှင်ငါးပိလုပ်ငန်းကို ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ဇီးချိုင်၊ ကံချိုင်၊ ဖောင်တိုးစသည့် ကမ်းခြေကျေးရွာတို့တွင် အများဆုံး လုပ်ကိုင်ကြပြီး ယခုကဲ့သို့ ပွင့်လင်းရာသီရောက်တိုင်း မျှင်ကောင်ငယ်များအား ပင်လယ်ပြင်တွင် ရှာဖွေဖမ်းဆီးကာ မျှင်ငါးပိထုတ်လုပ်ရောင်းချကြကာ ယခုနှစ် နှစ်ဦးပိုင်းတွင် မျှင်ငါးပိအရောင်းအဝယ်ကောင်းကာ ဈေးကောင်းရရှိနေကြသဖြင့် လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/35500

## ၉.၁.၂၀၂၃ မှ ၁၃.၁.၂၀၂၃ ရက်နေ့ထိ ဈေးကွက်သုံးသပ်ချက်

**ဆန်၊ စပါး**

ဒီတစ်ပတ်မှာတော့ ဝါးတန်းဆန်ဈေးကွက်မှာ ဆန်အသစ်တွေ ဈေးကွက်စဖွင့်ပါတယ်။ ဈေးကွက်အတွင်း ဆန်အဝင်ပုံမှန်ရှိပြီး အရောင်းအဝယ်လည်း ကောင်းနေတယ်လို့သိရပါတယ်။ ဆန်ချောအသစ်ဈေးနဲ့အဟောင်းဈေးကတော့ ဈေးအများကြီး ကွာဟမှုမရှိတာကိုလည်း ဈေးကွက်စာရင်းတွေအရ သိရပါတယ်။ နယ်စပ်စခန်းတွေ ပြန်ဖွင့်နေပြီဖြစ်လို့ ဆန်တင်ပို့မှုက ဒီထက်ပိုလာနိုင်ပြီး ဈေးတက်နိုင်ဦးမယ်လို့ ဆန်ကုန်သည်တွေက ခန့်မှန်းထားပါတယ်။ လက်ရှိမှာလည်း ပြည်တွင်းအသစ်စပါးတွေကတော့ လက်ကျန်မရှိသလောက်ဖြစ်နေတယ်လို့ သိရပါတယ်။

ရန်ကုန်ဝါးတန်းဈေးကွက်မှာ ပေါ်ဆန်း(နယ်စုံ၊ ဖျာပုံ၊ မြောင်းမြ၊ ဒေးဒရဲ)တို့က တစ်အိတ်ကို ၅၅၀၀၀ ကနေ ၆၀၀၀၀ ကြားပေါက်ဈေးရှိနေပြီး အဟောင်းဈေးနဲ့ တစ်အိတ်ကို ၃၀၀၀ ကနေ ၅၀၀၀ ကြားကွာဟမှုရှိပါတယ်။

ရွှေဘိုပေါ်ဆန်းအသစ်ကတော့ တစ်အိတ်ကို ၆၆၀၀၀ ကနေ ၇၂၀၀၀ ကြားပေါက်ဈေးရှိနေပြီး အဟောင်းနဲ့ ယှဉ်ရင်တော့ တစ်အိတ်ကို ၂၀၀၀၀ နီးပါးကွာဟမှုရှိပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထကတော့ အဟောင်းလက်ကျန်မရှိတော့ဘူးလို့သိရပါတယ်။ ဈေးကွက်အတွင်းမှာတော့ တစ်အိတ်ကို ၂၅မှတ်တန်က တစ်အိတ်ကို ၄၁၅၀၀ ကနေ ၄၂၅၀၀ ပေါက်ဈေးရှိနေပြီး ဧည့်မထရိုးရိုးကတော့ တစ်အိတ်ကို ၄၂၅၀၀ ကနေ ၄၄၀၀၀ ကြားပေါက်ဈေးရှိကာ ဈေးငြိမ်နေပါတယ်။

အခြား ဧစိန်သစ်၊ မြီးဒုံးသစ်၊ ရက် ၉၀ ဆန်တို့ကတော့ တစ်အိတ်ကို ၄၄၀၀၀ ကနေ ၄၆၀၀၀ ကြားပေါက်ဈေးရှိနေပြီး အဟောင်းနဲ့ယှဉ်ရင် တစ်အိတ်ကို ၅၀၀၀ ကနေ ၈၀၀၀ ကြားဈေးကွာဟမှုရှိနေပါတယ်။

ဧရာဝတီတိုင်းဈေးကွက်မှာတော့ ပုသိမ်ပေါ်ဆန်စပါးက တင်း ၁၀၀ ကို ၁၄ သိန်းကျော်ပေါက်ဈေးရှိနေပြီး၊ ဆန်ကတော့ တစ်အိတ်ကို ၅၅၀၀၀ ပေါက်ဈေးရှိနေပါတယ်။ အခြား မြောင်းမြ၊ ဒေးဒရဲ၊ ဖျာပုံပေါ်ဆန်းစပါးတို့ကလည်း တင်း ၁၀၀ ကို ၁၄ သိန်းကနေ ၁၄ သိန်း ၅ သောင်းကြားပေါက်ဈေးရှိနေပြီး ဆန်ကလည်း တစ်အိတ်ကို ၅၅၀၀၀ ကနေ ၅၈၀၀၀ ကြား ပေါက်ဈေးရှိနေပါတယ်။ အပြင်ပေါက်ဈေးမှာတော့ စပါးဈေးက ယခုထက်များပြားတယ်လို့ သိရပါတယ်။ ဧည့်မထ (မြို့နယ်စုံ) စပါးတွေကလည်း တင်း ၁၀၀ ကို ၁၁ သိန်းကနေ ၁၁ သိန်း ၅ သောင်းကျော်ထိ ပေါက်ဈေးရှိနေပါတယ်။ ဆန်ကလည်း တစ်အိတ်ကို ၄၀၀၀၀ ကနေ ၄၆၀၀၀ ထိ ပေါက်ဈေးရှိနေပါတယ်။ ပြီးခဲ့တဲ့ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ၉ လတာ ကာလအတွင်းမှာတော့ တရုတ်နိုင်ငံကို ဆန်တင်ပို့မှုက အများဆုံးဖြစ်ခဲ့ပြီး၊ ထိုင်းနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့က ဝယ်ယူတင်သွင်းခဲ့ပါတယ်။

**မတ်ပဲ**

မတ်ပဲက ပြီးခဲ့တဲ့အပတ်နဲ့နှိုင်းယှဉ်ရင် ဈေးက အနည်းငယ်တက်လာပါတယ်။ ပြည်တွင်း ငွေလဲလှယ်နှုန်းဈေးကတည်း အနည်းငယ်မြင့်တက်နေခဲ့ပါတယ်။ အိန္ဒိယနိုင်ငံဘက်ကတော့ မြန်မာ့မတ်ပဲတွေကို ထိန်းရောင်းထိန်းဝယ်တွေ ပြုလုပ်နေတယ်လို့ ဘာသာပြန်သတင်းတစ်ပုဒ်မှာ ဖော်ပြထားသလို ပြည်တွင်းကုန်သည်တွေကလည်း ဈေးကွက်အခြေအနေကို စောင့်ကြည့်ဝယ်ယူနေကြပါတယ်။ တင်ပို့မှုသက်တမ်းတိုးလိုက်တာဖြစ်လို့ အလောတကြီးဝယ်ယူမှု မပြုလုပ်တာဖြစ်တယ်လို့ ကုန်သည်တွေက ဆိုပါတယ်။

ဆောင်းပဲအထွက်နှုန်းတိုးမယ်ဆိုတဲ့ ထုတ်ပြန်မှုကြောင့် ထိန်းဝယ်နေပေမယ့် အိန္ဒိယပြည်တွင်းမှာ မတ်ပဲလက်ကျန် သိပ်မရှိတော့ ပဲဝင်သမျှပဲ ဝယ်ယူနေတယ်လို့ အဆိုပါသတင်းမှာ ဖော်ပြထားပါတယ်။ ဒါပေမယ့် အိန္ဒိယမှာ ပွဲတော်ကာလမို့ အဝယ်များနေတာဖြစ်ပြီး သိပ်မကြာခင် ဈေးကျဆင်းနိုင်တယ်လို့ ပြည်တွင်းကုန်သည်အချို့က သုံးသပ်ထားပါတယ်။ ပြည်တွင်းမှာတော့ မတ်ပဲအသစ်တွေလည်း ဈေးကွက်ထဲဝင်နေပြီး လက်ရှိမှာတော့ အဝင်ရှိသလောက် အဝယ်သွက်နေတယ်လို့ ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ မတ်ပဲက တစ်တန်ကို ၁၆ သိန်း ၅ သောင်းကျော်ပေါက်ဈေးရှိနေပြီး တစ်တန်ကို ၁ သောင်းကျော် လောက် ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ တစ်အိတ်ကို ၁၅၈၀၀၀ ကနေ ၁၆၂၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ လောက်ဈေး တက်ပါတယ်။

မုံရွာဈေးကွက်၊ အောင်လံဈေးကွက်၊ မော်လမြိုင်ဈေးကွက်၊ ပြည်ဈေးကွက်တို့မှာ မတ်ပဲက တစ်တင်းကို ၅၂၅၀၀ ကနေ ၅၃၅၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်ပတ်အတွင်းမှာတော့ တစ်တင်းကို ၅၀၀ လောက်သာ အတက်အကျ အပြောင်းအလဲ ရှိပါတယ်။

**ပဲစင်းငုံနီ**

ပဲစင်းငုံနီကတော့ ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် ဈေးအနည်းငယ်တက်လာပါတယ်။ အိန္ဒိယနိုင်ငံမှာပါ ပဲစင်းငုံနီဝယ်ယူမှု မြင့်လာတဲ့အတွက် ပြည်တွင်းမှာပါ ဈေးမြင့်တက်လာတာဖြစ်ပါတယ်။ မြန်မာပြည်တွင်းမှာတော့ အသစ်တွေ ထွက်ရှိနေ

ပေမယ့် ကြိုပွဲ့ဝင်ဝယ်ယူမှုတွေကြောင့် ဈေးကကောင်းနေပါတယ်။ လက်ရှိ ပဲစင်းငုံနီဈေးကွက်အခြေအနေကတော့ ပြည်တွင်း ငွေလဲလှယ်နှုန်း မြင့်တက်မှုပေါ်သက်ရောက်မှုမရှိပဲ ကြိုက်ဈေးကြိုက်ဝယ် အနေအထားရှိနေပြီဖြစ်တယ်လို့ ကုန်သည်အချို့ ကတော့ ဆိုပါတယ်။

ပဲစင်းငုံနီကတော့ အပြောင်းအလဲများတဲ့ အိန္ဒိယရဲ့မူဝါဒတွေကို စောင့်ကြည့်ရမှာဖြစ်ပေမယ့် ရေရှည်မှာတော့ ဈေး ကောင်းရနိုင်တယ်လို့ ကုန်သည်တွေကဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲစင်းငုံနီက တစ်တန်ကို ၁၇ သိန်း ၈ သောင်းကျော်ပေါက်ဈေးရှိနေပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၁ သောင်းကျော်ဈေး တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း တစ်အိတ်ကို ၁၆၇၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၁၅၀၀ လောက်ဈေး မြင့်တက်လာပါတယ်။

နယ်ဈေးကွက်တွေဖြစ်တဲ့ ပခုက္ကူ၊ မုံရွာနှင့် အောင်လံဈေးကွက်မှာတော့ တစ်တင်းကို ၅၅၀၀၀ ကနေ ၅၇၀၀၀ ကြား ပေါက်ဈေးရှိနေပြီး တစ်တင်းကို ၁၀၀၀ လောက် ဈေးမြင့်တက်လာပါတယ်။

**ကုလားပဲ**

ကုလားပဲကတော့ ဈေးကွက်ထဲ အသစ်တွေဝင်နေပါတယ်။ အဟောင်းလက်ကျန်လည်း မရှိသလောက်ဖြစ်နေပြီး ဈေးကွက်အတွင်းမှာတော့ ဈေးတွေ ပြန်ကျဆင်းနေပါတယ်။ အသစ်တွေလည်း ဈေးကွက်အတွင်း ဝင်ရောက်မှုရှိနေပြီး အရောင်းအဝယ်ကတော့ ပုံမှန်ပဲလို့ သိရပါတယ်။

ကုလားပဲကတော့ လက်ကျန်ပြတ်သလောက်ဖြစ်နေတာဖြစ်လို့ အသစ်တွေ ဈေးကွက်ထဲဝင်ပေမယ့် အများကြီး ဈေးကျဆင်းနိုင်မှာ မဟုတ်ဘူးလို့ ကုန်သည်အချို့က သုံးသပ်ထားပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကုလားပဲလုံးဖြူက တစ်ပိဿာကို ၃၀၈၀ ကနေ ၃၁၆၅ ကျပ်နဲ့ ဈေးငြိမ်ပါတယ်။ ကုလားပဲ လုံးဖြူကြီးက တစ်ပိဿာကို ၃၄၁၅ ကနေ ၃၅၀၀ ကျပ်ရှိပြီး တစ်ပိဿာကို ၈၅ ကျပ်ဈေးတက်လာပါတယ်။

ကုလားပဲခြမ်းကတော့ တစ်ပိဿာကို ၄၂၅၀ ကနေ ၄၄၀၀ ပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၁၀၀ ကျပ်ဈေး ကျဆင်းသွားပါတယ်။

မန္တလေးဈေးကွက်မှာတော့ ကုလားပဲ (ထိုင်ဝမ်)က တစ်အိတ်ကို ၁၇၄၀၀၀ ကနေ ၁၇၅၀၀၀ ပေါက်ဈေးရှိပြီးတစ်အိတ်ကို ၂၀၀၀ ကျပ်ဈေးကျဆင်းပါတယ်။ ကုလားပဲ (929) ကတော့ တစ်အိတ်ကို ၁၈၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀၀ ကျပ်ဈေးကျဆင်းပါတယ်။ အသစ်ကတော့ တစ်အိတ်ကို ၁၇၄၀၀၀ နဲ့ ဈေးစဖွင့်ထားပါတယ်။ ကုလားပဲ(ဗွီတူး)ကတော့ တစ်အိတ်ကို အဟောင်းပေါက်ဈေးက ၁၉၅၀၀၀ နဲ့ ဈေးငြိမ်နေပြီး အသစ်ဈေးကတော့ တစ်အိတ်ကို ၁၈၈၀၀၀ နဲ့ ဈေးစဖွင့် ပါတယ်။

မုံရွာဈေးကွက်မှာလည်း အသစ်တွေ ဈေးကွက်ထဲကိုဝင်ရောက်နေပြီး၊ ကုလားပဲ(ဗွီတူး)အသစ်ကတော့ တစ်တင်းကို ၆၁၅၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၅၀၀ ကျပ်ဈေးကျဆင်းပါတယ်။ အဟောင်းကတော့ တစ်တင်းကို ၆၄၀၀၀ ပေါက်ဈေး ရှိပြီး ၂၈၀၀ ကျပ် ဈေးကျဆင်းပါတယ်။ ကုလားပဲ(929) အသစ် တစ်တင်းကို ၅၈၀၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၀၀၀ ကျပ် ဈေးကျဆင်းပါတယ်။

**ပြောင်းဆန်**

ပြောင်းဆန်ကတော့ နယ်စပ်ဂိတ်တွေ ပြန်ဖွင့်နေပြီး အဝယ်တွေရှိနေတဲ့အတွက် ဈေးကပြန်မြင့်တက်လာပါတယ်။ တရုတ် နှစ်ကူးအမီ တရုတ်ဘက်က ဝယ်ယူမှုတွေရှိနေတယ်လို့လည်းသိရပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပြောင်းဆန်ကတော့ တစ်ပိဿာကို ၁၁၈၀ ကနေ ၁၂၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၄၀ လောက်ဈေး မြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ စီပီပြောင်းက တစ်အိတ်ကို ၆၀၀၀၀ ကနေ ၆၁၀၀၀ ကြားပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၀၀၀ ကျပ်၊ ဆန်ပြောင်းကတော့ တစ်အိတ်ကို ၆၉၀၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၇၀၀၀ ကျပ် ၊ ဗမာပြောင်း၊ ရှမ်းပြောင်း၊ ပြောင်းနီတို့ကလည်း တစ်အိတ်ကို ၅၈၀၀၀ ကနေ ၆၇၀၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၂၀၀၀ ကနေ

၃၀၀၀ ကြား ဈေးမြင့်တက်လာပါတယ်။

မုံရွာဈေးကွက်မှာလည်း စီပီပြောင်းက တစ်တင်းကို ၂၀၇၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၂၀၀ ကျပ်၊ ပြောင်းနီက တစ်တင်းကို ၂၁၅၀၀ ပေါက်ဈေးရှိပြီး တစ်တင်းကို ၅၀၀ ကျပ်၊ ဆန်ပြောင်းဖြူကလည်း တစ်တင်းကို ၂၁၅၀၀ ရှိပြီး တစ်တင်းကို ၅၀၀ ကျပ် အသီးသီးဈေး မြင့်တက်လာပါတယ်။

**စားတော်ပဲ**

ပြည်တွင်း စားတော်ပဲအသစ်တွေကတော့ ဈေးကွက်ထဲ အဝင်မရှိသေးပဲ တင်သွင်းတဲ့ စားတော်ပဲ(ကနေဒါ)တို့ကတော့ ဈေးတွေကျဆင်းနေပါတယ်။ အဝင်များလို့ ဈေးကျဆင်းနေတာဖြစ်ပြီး ပြည်တွင်းလက်ကျန်ကလည်း မရှိတဲ့အတွက် အရောင်းအဝယ်လည်းမရှိဘူးလို့ သိရပါတယ်။ မကြာခင် အသစ်တွေ ဈေးကွက်ထဲဝင်တော့မှာဖြစ်လို့ ဈေးကအကျဈေးနဲ့ ဈေးဖွင့်ထားတယ်လို့ ဆိုပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ စားတော်ပဲက တစ်ပိဿာကို ၆၀၀၀ ကနေ ၆၁၇၀ ပေါက်ဈေးရှိပါတယ်။ မန္တလေး ဈေးကွက်မှာတော့ စားတော်ပဲ (ကနေဒါ၊ ကျွန်း)တို့က တစ်အိတ်ကို ၂၀၃၀၀၀ ကနေ ၂၆၀၀၀၀ ပေါက်ဈေးရှိပြီး တစ်အိတ်ကို ၂၃၀၀၀ လောက်ဈေးကျဆင်းသွားပါတယ်။

ဆင်ဖြူကျွန်းမှာတော့ တစ်တင်းကို ၁၀၀၀၀၀ ပေါက်ဈေးနဲ့ ဈေးဖွင့်ထားပေမယ့် ပစ္စည်းမရှိ၊ အရောင်းအဝယ်မရှိဘူးလို့ သိရပါတယ်။

**ကြက်သွန်နီ**

ကြက်သွန်နီကတော့ ဆက်တိုက်ဈေးကျဆင်းနေပါတယ်။ နေ့စဉ် ကားအဝင်အစီးရေ ၄၀ နီးပါးရှိပြီး ပိဿာချိန် ၂၅၀၀၀၀ နီးပါးအဝင်ရှိနေတာဖြစ်လို့ ဈေးက ဆက်တိုက်ကျဆင်းနေတာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာ ကြက်သွန်နီက တစ်ပိဿာကို ၁၆၀၀ ကနေ ၂၁၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၅၀၀ လောက်ဈေးကျဆင်းသွားပါတယ်။

မော်လမြိုင်ဈေးကွက်မှာလည်း ကြက်သွန်နီက တစ်ပိဿာကို ၁၈၀၀ ကနေ ၂၅၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၄၀၀ ကျပ်ဈေးကျဆင်းပါတယ်။

ပခုက္ကူဈေးကွက်မှာလည်း တစ်ပိဿာကို ၁၁၀၀ ကနေ ၁၇၀၀ ကြားပေါက်ဈေးရှိနေပြီး တစ်ပိဿာကို ၅၀၀ လောက် ဈေးကျဆင်းပါတယ်။

**Source: AMIA**

https://t.me/htwettoe

## မြန်မာ-တရုတ်နယ်စပ် ရွှေမိုင်းယုမှ ရွှေလွယ်အင်အထိ ရှန်တိန်စနစ် ဖျက်သိမ်း

မြန်မာ-တရုတ်နယ်စပ် ကျင်စန်းကျော့လမ်းပိုင်းတွင် ရွှေမိုင်းယုမှ ရွှေလွယ်အင်အထိ ခေါက်တိုအစားထိုးယာဉ်မောင်း စနစ် (ရှန်တိန်)ကို ဇန်နဝါရီ ၁၅ ရက်မှ စတင်ဖျက်သိမ်းလိုက်ပြီဖြစ်ကြောင်း မူဆယ်ဆန်စပါးကုန်စည်ဒိုင် ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက ပြောသည်။

အဆိုပါ ကျင်စန်းကျော့လမ်းပိုင်းတွင် ရှန်တိန်ငါးဆင့်ခန့်ရှိပြီး ရွှေမိုင်းယုကွင်းမှ ကုန်သွယ်ရေးဇုန်အထိ၊ ကုန်သွယ်ရေး ဇုန်မှ နှင်းနှင်းခိုင်ကွင်းအထိ၊ နှင်းနှင်းခိုင်ကွင်းမှ ရွှေလီရေးဗားကွင်း၊ ရွှေလီရေးဗားကွင်းမှ ကျင်စန်းကျော့ လွယ်အင်ရွာ အထိနှင့် လွယ်အင်ရွာမှ ရွှေလွယ်အင်ကွင်းအထိစသည်ဖြင့် အဆင့်ဆင့်ရှိခဲ့ခြင်းကြောင့် ငွေကျပ်သိန်းနှင့်ချီ ကုန်ကျကြောင်း သိရသည်။ "စရိတ်စကတွေ များတယ်၊ လူတွေရဲ့တောင်းဆိုမှုကြောင့် အခုလို ဖြုတ်လိုက်တာပါ။ အဆင့်ဆင့်ဖြုတ်လိုက်တာမှာ အခု နောက်ဆုံးတစ်ဆင့်ပဲကျန်တော့တယ်။ အဲဒီအတွက် ကားတစ်စီးကို ကျပ်တစ်သိန်းခွဲလောက် စရိတ်စကသက်သာ သွားတယ်။ အဲဒါက ထူးခြားမှုတစ်ခုပဲ။ ကျန်တာကတော့ သိပ်မထူးခြားပါဘူး။ နောက်ဆုံးကျန်တဲ့အဆင့်ကလည်း မကြာခင် ဖြစ်လာတော့မယ်ထင်တယ်"ဟု ဦးမင်းသိန်းကပြောသည်။

ယင်းသို့ အစားထိုးယာဉ်မောင်းစနစ် ဖျက်သိမ်းလိုက်ခြင်းသည် ကုန်သည်များအတွက်သာမက ကုန်ကားသမားများအတွက်ပါ အဆင်ပြေလာပြီး နယ်စပ်ကုန်သွယ်မှု ပိုမိုမြန်ဆန်လာမည်ဖြစ်ကြောင်း သိရသည်။

**Source:** http://sdtimedaily.com/

## STOCK EXCHANGE (16.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 16th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,350 (Shares) | 15,518,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,800 | -100 | -1.12% | 8,600 | 8,800 | 8,600 | 20 | 174,000 | 33,109,694 | 291,365 |
| MTSH | 00002 | 3,300 | -50 | -1.49% | 3,300 | 3,300 | 3,300 | 2,486 | 8,203,800 | 38,929,150 | 128,466 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 28 | 210,000 | 10,400,986 | 78,008 |
| FPB | 00004 | 1,900 | +50 | +2.70% | 1,900 | 1,900 | 1,900 | 1,566 | 2,975,400 | 24,720,530 | 46,969 |
| TMH | 00005 | 2,600 | -50 | -1.89% | 2,550 | 2,600 | 2,550 | 323 | 828,700 | 12,823,224 | 33,340 |
| EFR | 00006 | 2,600 | -50 | -1.89% | 2,600 | 2,600 | 2,600 | 616 | 1,601,600 | 19,977,223 | 51,941 |
| AMATA | 00007 | 4,900 | +0 | +0.00% | 5,000 | 5,000 | 4,900 | 311 | 1,525,000 | 10,497,598 | 51,438 |

### Market summary

As of 16th Jan. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 391.77 | -3.25 | -0.82% | 394.04 | 394.04 | 387.59 | 5,350 | 15,518,500 | 7 | 681,527 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 16th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 5,350 (Shares) | 15,518,500 (MMK) |

### Main Board

As of 1:00 pm, 16th Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 5,350 (Shares) | 15,518,500 (MMK) |

| MYANPIX | 391.77 ▼ 3.25 |
|---|---|
| Total Volume (shares) | 5,350 |
| Total Value (MMK) | 16 mil |
| Listed Company | 7 |
| Market Cap. (MMK) | 681,527 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 3,300 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,900 | ▲ 50 |
| TMH | 00005 | 2,600 | ▼ 50 |
| EFR | 00006 | 2,600 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |